**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် **"မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာ"** ကို ထုတ်ပြန်လိုက်သည်။

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသည့် မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များ (ဆီတင်ရေယာဉ်များ၊ တွဲတွန်းနှင့်တွဲဆွဲရေယာဉ်များအပါအဝင်) တွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ကုန်းပတ်ဆိုင်ရာ ရေယာဉ်ဝန်ထမ်းအရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **လုံးပေါင်းတန်ချိန် ၃၀၀၀ နှင့်အထက် ကုန်တင်ရေယာဉ်များ**

| | | |
|---|---|---|
| (၁) | မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်မှူးအဆင့် ၁ (Myanmar Coastal Master Class I) လက်မှတ်ကိုင်ဆောင်သူ | (၁) ဦး |
| (၂) | မြန်မာ့ကမ်းရိုးတန်းသွားပထမအရာရှိအဆင့် ၁ (Myanmar Coastal Chief Mate Class I) လက်မှတ်ကိုင်ဆောင်သူ | (၁) ဦး |
| (၃) | Modified ပွဲနင်း Permit လက်မှတ်ကိုင်ဆောင်သူ | (၁) ဦး |
| (၄) | Watchkeeping လက်မှတ်ကိုင်ဆောင်သူ တက်မကိုင် (Rating) | (၃) ဦး |

(ခ) လုံးပေါင်းတန်ချိန် ၁၆၀၀ မှ လုံးပေါင်းတန်ချိန် ၃၀၀၀ အောက် ကုန်တင်ရေယာဉ်များ

(၁) မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်မှူးအဆင့် ၂ (Myanmar Coastal Master Class II) လက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၂) မြန်မာ့ကမ်းရိုးတန်းသွားပထမအရာရှိအဆင့် ၂ (Myanmar Coastal Chief Mate Class II) လက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၃) Modified ပွဲနင်း Permit လက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၄) Watchkeeping လက်မှတ်ကိုင်ဆောင်သူ တက်မကိုင် (Rating) (၂) ဦး

(ဂ) လုံးပေါင်းတန်ချိန် ၂၀၀ မှ လုံးပေါင်းတန်ချိန် ၁၆၀၀ အောက် ကုန်တင်ရေယာဉ်များ

(၁) မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်မှူးအဆင့် ၂ (Myanmar Coastal Master Class II) လက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၂) မြန်မာ့ကမ်းရိုးတန်းသွားပထမအရာရှိအဆင့် ၂ (Myanmar Coastal Chief Mate Class II) လက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၃) Watchkeeping လက်မှတ်ကိုင်ဆောင်သူ တက်မကိုင် (Rating) (၂) ဦး

(ဃ) လုံးပေါင်းတန်ချိန် ၂၀၀ အောက် ကုန်တင်ရေယာဉ်များ

(၁) Modified ပွဲနင်းလက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၂) Watchkeeping လက်မှတ်ကိုင်ဆောင်သူ တက်မကိုင် (Rating) (၁) ဦး

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသည့် မြန်မာ့ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ (ဆီတင်ရေယာဉ်များ၊ တွဲတွန်းနှင့် တွဲဆွဲရေယာဉ်များ အပါအဝင်) တွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် စက်ခန်းဘက်ဆိုင်ရာ ရေယာဉ်ဝန်ထမ်းအရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ပင်မစက်မောင်းနှင်မှု စွမ်းအား ကီလိုဝပ် ၃၀၀၀ နှင့်အထက်

(၁) မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူးအဆင့် ၁ (Myanmar Coastal Chief Engineer Class I) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သူ (၁) ဦး

(၂) မြန်မာ့ကမ်းရိုးတန်းသွားဒုတိယအင်ဂျင်နီယာအဆင့် ၁ (၁) ဦး
(Myanmar Coastal Second Engineer Class I)
ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သူ

(၃) စက်ခန်းကျွမ်းကျင်ဝန်ထမ်း (၃) ဦး

**(ခ) ပင်မစက်မောင်းနှင်မှု စွမ်းအား ၃၀၀၀ ကီလိုဝပ်အောက်**

(၁) မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူးအဆင့် ၂ (၁) ဦး
(Myanmar Coastal Chief Engineer Class II)
ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သူ

(၂) မြန်မာ့ကမ်းရိုးတန်းသွားဒုတိယအင်ဂျင်နီယာအဆင့် ၂ (၁) ဦး
(Myanmar Coastal Second Engineer Class II)
ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သူ

(၃) စက်ခန်းကျွမ်းကျင်ဝန်ထမ်း (၃) ဦး

**(ဂ) ပင်မစက်မောင်းနှင်မှု စွမ်းအား ၂၀၀၀ ကီလိုဝပ်အောက်**

(၁) မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူးအဆင့် ၃ (၁) ဦး
(Myanmar Coastal Chief Engineer Class III)
ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သူ

(၂) စက်ခန်းကျွမ်းကျင်ဝန်ထမ်း (၃) ဦး

**(ဃ) ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀၀ ကီလိုဝပ်အောက်**

(၁) မြန်မာ့ကမ်းရိုးတန်းသွားပထမတန်းစက်ခန်းအုပ်ကျွမ်းကျင်မှု (၁) ဦး
လက်မှတ်ကိုင်ဆောင်သူ

(၂) စက်ခန်းသင်္ဘောသား (Rating) (၃) ဦး

**(င) ပင်မစက်မောင်းနှင်မှု စွမ်းအား ၇၅၀ ကီလိုဝပ်အောက်**

(၁) မြန်မာ့ကမ်းရိုးတန်းသွားဒုတိယတန်းစက်ခန်းအုပ်ကျွမ်းကျင်မှု (၁) ဦး
လက်မှတ်ကိုင်ဆောင်သူ

(၂) စက်ခန်းကျွမ်းကျင်ဝန်ထမ်း (၂) ဦး

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသည့် မြန်မာ့ကမ်းရိုးတန်းသွား ငါးဖမ်းရေယာဉ်များနှင့် ငါးသယ် ရေယာဉ်များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ကုန်းပတ်ဆိုင်ရာနှင့် စက်ခန်းဘက် ဆိုင်ရာ ရေယာဉ်ဝန်ထမ်းအရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **ပုံမှန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အချိန်တွင်-**

| | | |
|---|---|---|
| (၁) | ပဲ့နင်းမှူး (ပဲ့နင်းမှူးလက်မှတ်ရရှိသူ) | (၁) ဦး |
| (၂) | ဒုတိယပဲ့နင်းမှူး (ပဲ့နင်းမှူးတာဝန်ထမ်းဆောင်နိုင်သူ) | (၁) ဦး |
| (၃) | စက်ခန်းအုပ် (စက်ခန်းအုပ်လက်မှတ်ရရှိသူ) | (၁) ဦး |
| (၄) | ဒုတိယစက်ခန်းအုပ် (စက်ခန်းအုပ်တာဝန်ထမ်းဆောင်နိုင်သူ) | (၁) ဦး |
| (၅) | ရေယာဉ်ဝန်ထမ်း | (၁) ဦး |

(ခ) **ငါးဖမ်းရာသီပိတ်သိမ်းချိန် သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုရပ်နားထားချိန်တွင်-**

| | | |
|---|---|---|
| (၁) | ဒုတိယပဲ့နင်းမှူး (ပဲ့နင်းမှူးတာဝန်ထမ်းဆောင်နိုင်သူ) | (၁) ဦး |
| (၂) | ဒုတိယစက်ခန်းအုပ် (စက်ခန်းအုပ်တာဝန်ထမ်းဆောင်နိုင်သူ) | (၁) ဦး |
| (၃) | ရေယာဉ်ဝန်ထမ်း | (၁) ဦး |

၄။ ရေယာဉ်ပိုင်ရှင်သည် မြန်မာ့ကမ်းရိုးတန်းသင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်း စာအုပ်ကိုင်ဆောင်ထားသော ရေယာဉ်ဝန်ထမ်းကိုသာ ခန့်အပ်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာပါ အနည်းဆုံးသတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်း အရေအတွက် အောက်လျော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းပြုလျှင် မြန်မာ နိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၂၉ အရ အရေးယူခြင်းခံရမည်။

ဒေါ်က်တာကိုကိုနိုင်
ညွှန်ကြားရေးမှူးချုပ်(တာဝန်)

စာအမှတ်၊ ရညန/အမိန့်ကြော်ငြာစာ/ ၁၂၃

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ငါးလုပ်ငန်းဦးစီးဌာန

နိုင်ငံခြားသွားရေယာဉ်ပိုင်ရှင်များအသင်း

ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

Shining Shipping Co.,Ltd.

မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

**မိတ္တူကို**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊

ဥပဒေရေးရာဝန်ကြီးဌာန၊

ရုံးလက်ခံ။